
ဝန်ရင်း
Read on the move
မင်းသွေးသစ္စာ
ဆယ်သန်းပတ္တမြားအရှုပ်တော်ပုံ

တစ်နေ့သ၌ အနက်ရောင် ဘေဘီအော်စတင်ကားကလေးတစ်စင်းသည် ရွှေတိဂုံဘုရား၏ အရှေ့ဘက်မုခ်မှ နေ၍ အရှိန်ပြင်းစွာ မောင်းနှင်လာပြီးနောက် ကန်တော်ကြီးစောင်းသို့အရောက်တွင် ကားစက်သံက ဖွတ်ချက်ဖွတ်ချက်မြည်ကာ ရပ်တန့်သွားလေ၏။

ထိုအခါ ကားပေါ်မှာ မူလကပင် စိတ်အလိုမကျဟန်ဖြစ်ပေါ်နေသော ကောလိပ်ကျောင်းသား မောင်အောင်မွန်ဟူသော လူငယ်သည် ကားတံခါးကို ဂျိုင်းခနဲဖွင့်ကာ ဆင်းသက် လာလေ၏။

အောင်မွန်သည် အသားဖြူဖြူနှင့် ပုပုဂဂဖြစ်ကာ လူပုသလောက် စိတ်တိုနေဟန်ရှိ၏။

၎င်းက မျက်နှာသုန်မှုန်၍ ကားဘီးကို ရှူးဖိနပ်ဦးဖြင့် ကန်ထည့်လိုက်ပြီး စက်ဖုံးကိုဖွင့်လေ၏။

ထိုသို့ ဖွင့်လိုက်သော်လည်း သူ့အနေနှင့် ကားအင်ဂျင်အကြောင်း နကန်းတစ်လုံးမျှ သိသူမဟုတ် ချေ။

"အောင်မွန်၊ နင်က ဘာလုပ်တတ်လို့ လဲ၊ ဆီတွေ၊ ဘာတွေများ ကုန်နေပြီလား၊ ကြည့်စမ်းပါဦး"

ဟု အမိန့်ပေးဟန်ဖြင့် ပြောလေသည် ။ အောင်မွန်သည် ဆီတိုင်ကီကို ဖွင့်ကြည့်လိုက်ပြီး ခေါင်း ကုတ်ကာ

"ဟုတ်တယ်၊ ဆီပြတ်သွားပြီ သော်တာ" ဟု အဖြေပေးလေ၏။

ထိုအခါ သော်တာဟူသည့် မျက်နှာဝိုင်းဝိုင်းနှင့် မိန်းကလေးသည်

ကားတံခါးကိုဖွင့်ကာ ဆင်း သက်လာ၏။

သူမသည် အဖြူရောင်ဂါဝန်ရှည်နှင့် အဖြူရောင်ဦးချွန်ဒေါက်မြင့်ဖိနပ်ကိုစီး၍ ဘိုဆန်စွာပင် ဝတ်ဆင်ထား၏။

သူမ၏ နီရဲလျက်ရှိသော နှုတ်ခမ်းကိုလည်း တစ်တောင်လောက် စူ၍ ထားကာ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုပြီး

"ကဲ... အောင်မွန်၊ နင့်ရဲ့ ကားကိစ္စကို ထားပြီး ငါတို့ ကိစ္စကို တစ်ခါတည်း ဒီမှာ ပဲ အပြတ်ရှင်း လိုက်ကြရအောင်၊ ညနေစောင်းနေပြီ၊ အချိန်လင့်သွားရင် ငါ့အတွက်ပြဿနာရှိတယ်" ဟု ဆိုလိုက်၏။

အောင်မွန်သည် ကားဆီပြတ်သည် ထက်ပို၍ စိတ်ရှုပ်ထွေးဟန်ဖြစ်ပေါ်သွားပြီး သက်ပြင်းချကာ မျက်နှာငယ်ကလေးနှင့်

"သော်တာ... နင့်ဆုံးဖြတ်ချက်ကို မပြင်နိုင်တော့ဘူးလား၊ ငါတို့ ဟာ သုံးနှစ်သုံးမိုး ချစ်လာခဲ့ ကြတဲ့ ချစ်သူတွေပါ " ဟု ပြောလေရာ သော်တာက နှုတ်ခမ်းကိုကိုက်၍

"တော်ပြီ... အောင်မွန်၊ တစ်ချိန်လုံး ငါအဲဒီစကားတွေကိုချည်း အပ်ကြောင်းထပ်အောင် ကြားခဲ့ ရပြီးပြီ၊ ငါ့ဘဝအတွက် ငါကြိုက်တဲ့ သူနဲ့ လက်ထပ်ခွင့်ရှိတယ်၊ နောက်တစ်နေ့ဆိုရင် အဲဒီသူနဲ့ စေ့စပ်ပွဲ လုပ်ပြီး တစ်ပတ်ကြာရင် လက်ထပ်မယ်၊ နင့်ကို သူဌေးသားတစ်ယောက်အနေ မိန်းမရှားပါဘူး၊ အရေး ကြီးတာက ကားအတွက်ဆီရဖို့ ပဲ၊ ဟော... ဟိုနားမှာ ဂျစ်ကားတစ်စီးရပ်သွားပြီ၊ သူတို့ ဆီသွားပြီး အကူ အညီတောင်းပေတော့" ဟု ဆိုကာ မလှမ်းမကမ်းတွင် ရပ်တန့်သွားသည့် ကားတစ်စီးထံ လက်ညှိုးညွှန် ကာ ခိုင်းစေလေ၏။

အောင်မွန်သည် သော်တာ၏ စကားကြောင့် ခေါင်းငိုက်စိုက်နှင့် ဂျစ်

ကားဆီသို့ လှမ်းသွားလေ၏။ ဂျစ်ကားမှာ လည်း စက်ပျက်သွားဟန်ရှိ၏
။

လူသုံးယောက်သည် စက်ဖုံးကိုဖွင့်၍ ဟိုနှိုက်ဒီနှိုက် ပြုလုပ်နေကြ၏
။

"ဒီကမိတ်ဆွေတို့ ကားပျက်သွားတာထင်တယ်၊ ကျုပ်ကားလည်း ဆီပြတ်သွားလို့ဗျာ၊ အဲဒါ..."

ဟု စကားစလိုက်ရာ လူတစ်ယောက်က ဆတ်ခနဲ လှည့်ကြည့်ပြီး လက်ကာပြ၍

"ငါတို့ ဆီက ဆီလိုချင်တာပေ့ါ" ဟု မေးမြန်းလေ၏။

အောင်မွန်သည် ထိုသူ၏ စူးရဲလှသော မျက်လုံးအစုံနှင့် မျက်နှာပေါ်ရှိ ကန့်လန့်ဖြတ်အမာရွတ် ကြီးကြောင့် အနည်းငယ် ထိတ်လန့်သွားမိ၏
။

သို့သော် ၎င်းက ချက်ချင်းပင် ခေါင်းညိတ်ကာ

"ဟုတ်ပါတယ်... ဆီဖိုးကို ကျသင့်သလောက် ပေးပ့ါမယ်" ဟု အဖြေပေးလိုက်၏။

ထိုအခါ စက်ဖုံးအတွင်း ခေါင်းတိုးဝင်နေသည့်လူက အောင်မွန်နှင့် မျက်နှာချင်းဆိုင်လေ၏။

အောင်မွန်သည် ထိုသူကိုကြည့်ကာ နောက်သို့ခြေတစ်လှမ်းမျှ ဆုတ်လိုက်မိ၏။

ထိုသူ၏ ခေါင်းမှာ ပြောင်နေအောင် ရိတ်သင်ထားပြီး မျက်လုံးတစ်ဖက်သည် လည်း ဟောက် ပက်ဖြစ်၍ လွန်စွာကြည့်ရဆိုးလှ၏။

ထိုသူက တစ်လုံးတည်းသော မျက်လုံးဖြင့် အောင်မွန်ကို စူးစိုက်ကြည့်ကာ ပြုံး၍

"ငါ့ညီ အခက်အခဲဖြစ်နေတယ်ဆိုရင်လည်း ကူညီရတာပေါ့ကွာ" ဟု ပြောလေ၏။ ထိုအခါ ဆံပင်ရှည်ရှည်နှင့် ပိန်ကပ်ကပ်လူက စက်ဖုံးအတွင်းမှ

"သွားပြီဟေ့... ကားကတော့ အင်ဂျင်လဲပစ်ရတော့မယ် " ဟု ဆိုလိုက်ရာ မျက်စိတစ်ဖက်လပ် က စီးကရက်တစ်လိပ်ကို မီးညှိပြီး ဆံရှည်ကို

"ကဲပါကွာ... ဒီကညီလေးကိစ္စကို အရင်ရှင်းပေးလိုက်ပါ၊ ငါတို့ မှာ ဆီအပြည့်ရှိတာပဲ၊ ဟဲ ဟဲ... သူများ အကျိုးဆောင် ကိုယ့်အကျိုးအောင် တဲ့ ကွ" ဟု ပြောလေတော့၏။

ထိုအခါ ဆံရှည်ကိုယ်တိုင်ပင် အောင်မွန်၏ ကားကို ဆီဖြည့်ပေးလေ၏။ ထိုအခိုက် သော်တာက လက်မှ ရွှေရောင်နာရီကလေးကို ကြည့်ပြီး

"အောင်မွန်၊ ပြီးရင် သွားကြရအောင်" ဟု တိုက်တွန်းလေ၏။

အောင်မွန်က ခေါင်းညိတ်ပြီး ဆံရှည်၏ လက်တွန်းသို့ ငွေစက္ကူတစ်ထပ်ကိုထည့်ကာ

"ကျေးဇူးတင်ပါတယ်ဗျာ" ဟု ပြောလေရာ သူတို့ အနီးသို့ မည်သည့် အချိန်က ရောက်ရှိလာမှန်း မသိရသည့် တစ်ဖက်လပ်က

"ကျေးဇူးတင်ရင်တော့ ငါ့တို့ ကိုပြန်ပြီး အကူအညီပေးရမယ်ကွ" ဟု ဆိုလိုက်၏။ မျက်နှာမှာ ဒဏ်ရာနှင့် လူကလည်း

"ငါတို့ မှာ ကားပျက်သွားလို့ ခရီးဆက်ရမှာ အခက်အခဲဖြစ်နေတယ်ကွ၊ ခရီးဆက်ဖို့ မင်းကိုပဲ အကူအညီတောင်းရတော့မယ် " ဟု ပြောပြန်၏။

အောင်မွန်က ခေါင်းယမ်းပြီး

"မဖြစ်ဘူးဗျ၊ ကျုပ် မိန်းကလေးကို အချိန်မီ အိမ်ပြန်ပို့ရဦးမယ် "ဟု ငြင်းဆန်လိုက်ရာ ဆံရှည် က အောင်မွန်၏ အနီးသို့ ရုတ်တရက် တိုးကပ်ပြီး

"ဟေ့ကောင်လေး... ငါတို့ စကားကို ဘယ်သူမှ မငြင်းဆန်ရဲဘူးကွ" ဟု ပြောဆိုလေ၏။ ထိုအခါ သော်တာက စူးစူးဝါးဝါး အောက်ဟစ်ကာ

"ရှင်တို့ ဘယ်လိုလူတွေလဲ..." ဟု ပြောဆိုလေရာ သူမ၏ စကားသည် တစ်ဝက်တစ်ပျက်တွင် ရပ်တန့်သွား၏။

တစ်ဖက်လပ်က သူမကိုချုပ်ကိုင်၍ မအော်ဟစ်နိုင်စေရန် ပါးစပ်ကို ပိတ်လိုက်ခြင်းကြောင့် ဖြစ်၏။

အောင်မွန်သည် သော်တာ၏ အဖြစ်ကို မြင်နေရသော်လည်း မလှုပ်ရှားဝံ့ဘဲ နဖူးမှ ချွေးသီးကြီး များ စို့လာ၏။

ဆံရှည်နှင့်လူက သူ၏ ဝမ်းဗိုက်စူစူကို ဓားမြှောင်နှင့် ထောက်၍ ထားသောကြောင့် ဖြစ်၏။

ဆံရှည်က အောင်မွန်၏ နားရွက် နားသို့ကပ်၍ လေသံတိုးတိုးဖြင့်

"ကဲ... ကိုယ့်လူ၊ ဒီချိန်ကစပြီး၊ ဟောဒီကားကို ငါတို့ အပိုင်စီးလိုက်ပြီး၊ မင်းတို့ နှစ်ယောက်ကို လည်း အဖော်အဖြစ် ခေါ်သွားရမယ်၊ လိမ္မာရင် အသက်ရှည်တယ်ကွ" ဟု ပြောလေတော့၏။

မကြာမီ အောင်မွန်သည် ကားကိုမောင်း၍ နဘေးတွင် သော်တာကို တင်ဆောင်ကာ နောက်ခန်း တွင် လူကြမ်းကြီးသုံးယောက်က နေရာယူပြီး ထွက်ခွာလာခဲ့၏။

တစ်ဖက်လပ်က စီးကရက်ကိုဖွာ၍ အောင်မွန်နှင့် သော်တာကို

"မင်းတို့ နှစ်ယောက်၊ အမိန့်မနာခံရင် အူပွင့်သွားမယ်ဆိုတာ ထပ်ပြီး သတိပေးလိုက်မယ်၊ ကား ကိုမြို့ပြင်ထွက်ပြီး၊ မင်္ဂလာဒုံဘက်ကို မောင်း ပေတော့" ဟု အမိန့်ပေးလေတော့၏။

သော်တာသည် တသိမ့်သိမ့်ရှိုက်ငိုနေလေရာ အောင်မွန်က ကားကို ဂရုတစိုက်မောင်းနှင်ရင်း

"သော်တာ မငိုပါနဲ့ ၊ ဘာမှ အားမငယ်နဲ့ ငါရှိတယ် " ဟု အားပေးလို က်၏။

ထိုအခါ ဆံရှည်က ကျားဟိန်းသံကဲ့သို့ ကျယ်လောင်စွာဖြင့်

"တော်ပြီဟေ့၊ မင်းတို့ အသံတွေ မကြားချင်တော့ဘူး" ဟု ဟိန်း ဟောက်လေ၏။

အောင်မွန်သည် မခံချိမခံသာဖြင့် အံကိုတင်းတင်းကြိတ်ကာ နှုတ်ပိ တ်နေလိုက်၏။

သော်တာသည် လည်း ပါးပြင်မှ မျက်ရည်စများကိုသုတ်၍ ငြိမ်သက် သွားလေ၏။

လူကြမ်းကြီးသုံးယောက်သည် ကားနောက်ခန်းတွင် အလည်အပတ် ခရီးထွက်သလို ဇိမ်ကျနေ ကြ၏။ သူတို့ သည် လွန်စွာလည်း ပျော်မြူး နေဟန်တူ၏။

ဆံရှည်မှာ မူ ငှက်ဆိုးထိုးသံကဲ့သို့၊ အသံကြီးဖြင့် သီချင်းများကို တစ် ပုဒ်ပြီးတစ်ပုဒ် ကပေါက်တိ ကပေါက်ချာ အော်ဟစ် သီဆိုလာခဲ့၏။

တဖြည်းဖြည်း အမှောင်ထုက စိုးမိုးလာပေပြီ အောင်မွန်သည် ကား

ရှေ့မီးကိုဖွင့်၍ မောင်းနှင်နေ ရပြီ ဖြစ်၏။

မင်္ဂလာဒုံသို့ မရောက်မီ ဆံရှည်က ကားကိုမြေလမ်းတစ်ခုအတွင်းသို့ ဝင်ရန်အမိန့်ပေးလေ၏။ သစ်တောအုပ်အတွင်းမှ ဖြတ်၍ ဖောက်လုပ်ထားသော မြေလမ်းမှာ အကွေ့အကောက်များ နှင့် ကျဉ်း မြောင်းလှ၏။

ထို့ကြောင့် ဆံရှည်က ဘယ်ကွေ့၊ ညာချိုးဟူ၍ စေခိုင်းလေရာ အောင်မွန်လည်း ကားကို ဂရု တစိုက်မောင်းနှင်ရ၏။

တစ်နာရီခန့် သွား လာပြီးလျှင် ငှက်ပျောတောတစ်ခုတွင် ကားကိုရပ်တန့်ခိုင်းလေ၏။

ထိုနေရာတွင် ပြိုပျက်လုဖြစ်နေသော အစောင့်တဲကလေးတစ်လုံးကို တွေ့ရ၏။

ထိုအခါ တစ်ဖက်လပ်က အောင်မွန်တို့ ကို

"ကဲ... ကိုယ့်လူတို့ အောက်ကို ဆင်းပေတော့၊ ရှင်းရှင်းပြောရရင် ငါတို့ ဟာ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်လာတဲ့ သူတွေဘဲ၊ ဒီညသန်းခေါင်ယံမှာ ငါတို့ နဲ့ ချိန်းထားတဲ့ လူတစ်ယောက် ဒီကိုလာလိမ့်မယ်၊ ငါတို့ ကိစ္စတွေပြီးတာနဲ့ ဒီကထွက်သွားပြီး၊ မင်းတို့ ကိုတော့ ချည်နှောင်ထားခဲ့ရလိမ့်မယ်၊ နောက်တစ်နေ့ မှာ မင်းတို့ ကို တစ်ယောက်ယောက်တွေ့ပြီး လွှတ်ပေးမှာ ပဲ၊ အဲဒီအချိန်မှာ ငါတို့ လည်း လွတ်ရာကျွတ်ရာ ကို ရောက်နေပြီပေ့ါ၊ ဒီတော့ မင်းတို့ နှစ်ယောက် စိတ်အေးအေးထားပြီး ကောင်းကောင်း မွန်မွန်နေပါ၊ အဲဒါဆိုရင် အန္တရာယ်ကင်းလိမ့်မယ် " ဟုပြောလေ၏။

သော်တာက ကားတံခါးကို ဝုန်းခနဲဖွင့်၍ ထွက်ကာ

"ရှင်တို့ စကားအတိုင်း ဒီကိုအရောက်ပို့ပြီးပြီပဲ၊ ကျွန်မတို့ မှာ လည်း

အိမ်ကိုအချိန်မီ ပြန်မရောက် တဲ့ အတွက် ဖြေရှင်းရမဲ့ပြဿနာတွေ ရှိနေတယ်" ဟု တောင်းဆိုလေ၏။

ဆံရှည်က မျက်မှောင်ကြုတ်ပြီး

"မင်းတို့ ကို အခုနေ ပြန်လွှတ်ရင် ငါတို့ ကိုယ့်လည်ပင်းကိုယ် ကြိုးကွင်းစွပ်သလို ဖြစ်သွားမှာ ပေါ့ကွ၊ မင်းတို့ ကြောင့် ငါတို့ ကိုပုလိပ်တွေ ခြေရာခံမိသွားမှာ ကို မလိုလားဘူး၊ စကားမရှည်တော့နဲ့ ဟေ့၊ ဒီလိုမှ မဟုတ်ရင် နှစ်ယောက်စလုံးကို ငှက်ပျောတောထဲမှာ အရှင်လတ်လတ် မြေမြှုပ်ပစ်ခဲ့မယ်" ဟု ကြိမ်းဝါးလိုက်တော့၏။

***

အောင်မွန်နှင့် သော်တာတို့ သည် တိုင်တစ်တိုင်တွင် နှစ်ယောက်သား ပူးကပ်၍ ကြိုးနှင့်တုပ် နှောင်ခံထားရပြီ ဖြစ်၏။ ပါးစပ်တွင် လည်း အသံမထွက်နိုင်စေရန် အဝတ်နှင့် ဆို့၍ ထားကြ၏။

လူကြမ်းကြီးသုံးယောက်သည် တဲရှေ့တွင် မီးပုံတစ်ပုံကိုဖို၍ အသင့်ပါလာသည့်ပုလင်းကိုဖွင့်ကာ ဝိုင်းဖွဲ့နေကြ၏။ ထို့နောက်မျက်နှာတွင် အမာရွတ်နှင့်လူကထ၍

"မိုက်ထဲက ရစ် လာပြီဟေ့၊ တောသွားထိုင်လိုက်ဦးမယ်" ဟု ပြောကာ ၄က်ပျောတောအတွင်း တိုးဝင်သွား၏။

ထိုအခါ ဆံရှည်က တစ်ဖက်လပ်ကို မျက်ရိပ်ပြလိုက်၏။ ဆံရှည်၏အမူအရာကို တစ်ဖက်လပ်က ကောင်းစွာသဘောပေါက်ဟန်ဖြင့်ထကာ ၄က်ပျောတောထဲသို့ တိုးဝင်သွားပြန်၏။

မကြာမီ ၄က်ပျောတောအတွင်းမှ ဂရုန်းသုန်းကားနှင့် တိုက်ခိုက်သံများကို ကြားရလေတော့၏။ ဆံရှည်မှာ မူ ထိုအဖြစ်ကို မျှော်လင့်ထားဟန်ဖြင့် တည်ငြိမ်စွာရှိနေ၏။

အတန်ကြာလျှင် တစ်ဖက်လပ်သည် လက်တွင်းမှ သွေးစွန်းနေသည့် ဓါးကို အဝတ်တစ်စဖြင့် သုတ်သင်ကာ သူတို့ အနီးသို့ လှမ်းလာ၏။

ပြီးနောက် တစ်ဖက်လပ်က ဆံရှည်ကို

"ဟိုကောင်တော့ ကိစ္စပြတ်သွားပြီ၊ ဝေစုခွဲပေးဖို့ တစ်ယောက်တော့ လျော့သွားပြီပေါ့" ဟု ပြောလေ၏။

အောင်မွန်နှင့် သော်တာတို့ သည် ထိုသူများ ၏ ပြုမူပုံကို မြင်တွေ့နေလေရာ မျက်နှာတွင် အမာ ရွတ်နှင့်လူကို တစ်ဖက်လပ်က လက်စပျောက်ရှင်းလိုက်မှန်း သိရှိလိုက်ကြ၏။

ထိုသူများမှာ အမှန်ပင် ရက်စက်ကြမ်းကြုတ်သူများ ဖြစ်ကြောင်း သဘောပေါက်၍ သူတို့ ကို လည်း အလွယ်တကူ ပြန်လွှတ်ပေးပါစေဟု သာ ဆုတောင်းမိကြ၏။

ထိုအခိုက် တစ်ဖက်လပ်က ဆံရှည်ကို စူးစိုက်ကြည့်ကာ ဆက်၍

"ဝေစုခွဲပေးဖို့ လူလျော့သွားပေမဲ့ သူ့ဆီမှာ ကျုပ်တို့ သုံးယောက်စလုံး ပိုင်ဆိုင်တဲ့ ပစ္စည်းကို ရှာလို့ မတွေ့ခဲ့ဘူး၊ ဒီပစ္စည်းကို သေသေချာချာသိမ်းဆည်းထားဖို့ ကျုပ်ကိုယ်တိုင် သူ့ကို အပ်နှံထားခဲ့တာပဲ၊ တစ်ခုခုတော့ လွဲနေပြီ" ဟု ပြောပြန်၏။ တစ်ဖတ်လပ်၏ စကားကြောင့် ဆံရှည်သည် ဝုန်းခနဲခုန်ထပြီး

"ကတ္တီပါဘူးအနီကလေးနဲ့ ထည့်ထားတဲ့ ပစ္စည်းကို သူ့ကိုယ်ပေါ်မှာ သေသေချာချာ သိမ်းဆည်း လိုက်တာ ငါလည်း မြင်တာပဲ၊ ဒါဟာ လွဲချော်မှု မဟုတ်ဘူး " ဟု ဆိုတာ တစ်ဖက်လပ်၏ တစ်လုံးတည်း သောမျက်လုံးနှင့် မျက်နှာချင်ဆိုင်ကာ ကြည့်ရှုပြီး အဖြေရှာလေ၏။ ထို့နောက်မှာ ဆံရှည်ကာ လေသံ အေးအေးဖြင့်

"အဲဒီပစ္စည်းက အခု မင်းလက်ထဲရောက်နေပြီ မဟုတ်လား" ဟု မေးမြန်းလေ၏။ တစ်ဖက်လပ် သည် တုန်ရင်သွားပြီး မျက်နှာကြီးနီရဲကာ

"သူက ခင်ဗျားလက်ထဲကို ကားပေါ်မှာ ကတည်းက လက်ပြောင်းလက်လွှဲလုပ်ခဲ့တယ်လို့ ကျုပ် ထင်နေတာဗျ" ဟု ပြောလေရာ ဆံရှည်သည် ဒေါသတရှူးရှူးထွက်ကာ တစ်ဖက်လပ်၏ လည်ကုတ်ကို ကိုင်ပြီး အံကြိတ်၍

"ဟော့ကောင်... သူခိုးက လူလိုဟစ်မနေနဲ့ ၊ ငါ့လက်ထဲကို ပစ္စည်းအပ်စမ်း" ဟု အမိန့်ပေးလေ၏။ တစ်ဖက်လပ်ကလည်း အော်ဟစ်ပြီး

"ခင်ဗျားဉာဏ်တွေ ဒါအကုန်ပဲလားဗျ၊ သူ့ကိုယ်ပေါ်မှာ အပ်တိုတစ်ချောင်းတောင်မရှိဘူး၊ သူက ခင်ဗျားဆီမအပ်နှံဘဲနဲ့ ပျောက်ဆုံးမသွားနိုင်ဘူး၊ ဒါခင်ဗျား မလိမ့်တပတ်လုပ်တာပဲ" ဟု စွပ်စွဲလေ၏။

ထိုအခါ ဆံရှည်က တစ်ဖက်လပ်၏ မျက်နှာကို လက်ဖြင့်ဖြတ်၍ ရိုက်ထည့်လိုက်ပြီး

"ဟော့ကောင်... ပစ္စည်းကို အခုချက်ချင်း ထုတ်ပေးစမ်း" ဟု တောင်းလေရာ တစ်ဖက်လပ်က ဟန်ချက်ကို ထိန်းထားပြီး

"အဲဒါ ကျုပ်ပြောရမဲ့စကားတွေ" ဟု ပြော၍ လက်တွင်းမှ ဓါးဖြင့် ဆံရှည်ကို ထိုးစိုက်လိုက်၏။

ဆံရှည်က ပေါ့ပါးစွာပင် နောက်သို့ ခုန်ရှောင်ပြီး မီးဖိုမှ ထင်းတစ်စကို ဆွဲယူလေ၏။ ထင်းစတွင် မီးက တောက်လောင်လျက်သာရှိ၏။

မကြာမီ သူတို့ နှစ်ယောက်သည် ဒေါသတကြီးဖြင့် လူချင်းပူးကပ်ကာ တိုက်ခိုက်ကြလေ၏။

ထိုအခါ ဆံရှည်၏ မီးစွဲလောင်နေသော ထင်းစက တစ်ဖက်လပ်၏ ကျန်ရှိသောမျက်လုံးတစ်စုံကို ထိုးဖောက်မိသွား၏။

တစ်ဖက်လပ်သည် မျက်နှာကို လက်ဖြင့်အုပ်ကာ မြေပြင်တွင် လူးလိမ့်ညည်းတွားနေသလို ဆံရှည်သည် လည်း ခွေခွေကလေး လဲကျနေပြီဖြစ်၏။

အောင်မွန်တို့ သည် လူကြမ်းကြီးနှစ်ယောက်ကို ငေးကြောင်၍ ကြ

ည့်နေရင်းမှ သူတို့ လွတ်မြောက် ရန်အတွက် ထိုအချိန်သည် အခွင့်ကောင်းဟု တွေးမိကြ၏။

ထို့ကြောင့် နှစ်ယောက်သား တိုင်ပင်မထားပါဘဲ တပြိုင်နက်တည်း ရုန်းကန် လိုက်လေရာ သူတို့ ကို ချည်နှောင်ထားသည့် ဝါးပိုးတိုင်မှာ အခြေမှ ဖြောင်းခနဲ ကျိုးလေ၏။

မူလကပင် ယိုင်နဲ့ နဲ့ ဖြစ်နေသောတဲသည် လည်း ဝုန်းခနဲပြိုကျသွား၏။

ထိုအခါ အောင်မွန်နှင့်သော်တာမှာ ဝါးပိုးတိုင်နှင့်တွဲလျက် အပြိုအပျက်များကြားတွင် ရှိနေလေ တော့၏။

ထိုအခိုက် တစ်ဖက်လပ်သည် မြေပြင်မှ ထ၍ စမ်းတဝါးဝါးဖြင့် ဆံရှည်ထံ ရောက်ရှိသွား၏။

တစ်ဖက်လပ်၏ မျက်နှာတွင် လည်း သွေးတို့ က ချင်းချင်းနီးနေ၏။

၎င်းက ဆံရှည်၏ ကိုယ်ပေါ်တွင် စေ့စေ့စပ်စပ် ရှာဖွေပြီးနောက် အရူးတစ်ယောက်ကဲ့သို့ ဒေါသ တကြီးဖြင့်

"ငါတို့ အသက်စွန့်ပြီးယူလာခဲ့ရတဲ့ ပစ္စည်း ဘယ်ရောက်သွားပြီလဲ" ဟု အော်ဟစ် လိုက်လေ တော့၏။

အောင်မွန်တို့ သည် ဝါးပိုးတိုင်မှ လွတ်ကင်းရန် ရုန်းဖယ်နေကြရာ တစ်ဖက်လပ်သည် သူတို့ ကို သတိပြုမိသွား၏။ ထို့နောက် တစ်ဖက်လပ်က

"ဟေ့… မင်းတို့ ဘာလုပ်တာလဲ၊ ထွက်ပြေးဖို့ မကြိုးစားနဲ့ နော်" ဟု ခြိမ်းခြောက်ပြီး သူတို့ ထံသို့ စမ်းတဝါးဝါးဖြင့် လှမ်းလာပြန်၏။

ယခုအချိန်တွင် တစ်ဖက်လပ်သည် စုံလုံးကန်းနေပြီ ဖြစ်၏။ သို့သော် သူသည် အောင်မွန်တို့ ကို ကောင်းစွာ ထိန်းချုပ်နိုင်မည်ဟု ယုံကြည်ထား၏။

သူ၏ မျက်လုံးမှ ဒဏ်ရာကို အောင်မွန်တို့ ၏ အကူအညီဖြင့် ကုသရပေမည်။ အောင်မွန်နှင့် သော်တာမှာ ရုန်းကန်ရင်း ဝါးပိုးတိုင်မှ လွတ်မြောက်သွား၏။

ကြိုးများကမူ သူတို့ နှစ်ဦးကိုယ်ပေါ်တွင် ချည်နှောင်ထားဆဲသာရှိ၏ ။ ထိုကြိုးများမှာ လည်း ဖြေ လျော့နေချေပြီ။

ထိုအခိုက် တစ်ဖက်လပ်က တဲအပျက်အစီးများကြားသို့ နင်းဖြတ်လာပြီး လဲပြိုနေသည့် အောင်မွန်ကို စမ်းသပ်မိသွား၏။

ထိုအခါ အောင်မွန်သည် ပြေလျော့နေသည့် ကြိုးများမှ လွတ်အောင် ရုန်းကန်ရင်း ကြိုးစား၍ ထလေ၏။

အောင်မွန်သည် ဝုန်းခနဲအထတွင် သူနှင့်တွဲလျက်ရှိသည့် သော်တာကပါ စွေ့ခနဲပါလာ၏။ အောင်မွန်သည် ကျောပေါ်တွင် သော်တာကိုတင်၍ ထားသလိုရှိ၏။

ထို့နောက် အောင်မွန်သည ရှေ့၌ ရှိနေသော တစ်ဖက်လပ်ကို အရှိန်ဖြင့်ဂင်၍ တိုက်ကာ သော်တာ ကို ပိုး၍ ထိုနေရာမှ ရှောင်တိမ်းလိုက်၏။

တစ်ဖက်လပ်သည် ထိုနေရာတွင် လဲပြို၍ ကျန်ခဲ့၏။ အောင်မွန်တို့သည် တစ်ဖက်လပ်ကိုပင် ဂရုမစိုက်နိုင်ဘဲ ကြိုးများကို ဖြေရ၏။

ထို့နောက် ပါးစပ်အတွင်းမှ အဝတ်စုတ်များကို ဖယ်ထုတ်ရ၏။

သော်တာသည် ကောင်းစွာ စကားပြောနိုင်လျက်ပင်

"အောင်မွန်… ပြေးကြမယ်၊ ဟိုမှာ ဟိုလူကြီးထ လာပြီ" ဟု အလန့်တကြား အော်ဟစ်လိုက်၏။ တစ်ဖက်လပ်က တဲအပြိုအပျက်များကို လက်ဖြင့်ဖေ့ ယမ်းဖယ်ရှားပြီး

"ဟေ့… မင်းတို့ မပြေးနဲ့ ၊ မိရင်တော့ အသေပဲ" ဟု ခြိမ်းခြောက်ပြန်၏။

ထိုအချိန်၌ အောင်မွန်နှင့် သော်တာသည် ကားပေါ်သို့ ရောက်ရှိနေပြီဖြစ်၏။

ကားစက်က ရုတ်တရက်မနိုးသောကြောင့် အောင်မွန်သည် ဇောချွေးပြန်သွား၏။

စက်နှိုးသံကြောင့် တစ်ဖက်လပ်က ကားရှိရာသို့ ခန့်မှန်းမိသွား၏။ ထို့ကြောင့် စုံလုံးကန်းနေ သည့်ကြားမှ ပင် တစ်ရှူးထိုးပြေးလွှားလာ၏။

သော်တာက မျက်လုံးကလေးပြူးကျယ်ကာ

"အောင်မွန် … ဟိုမှာ လာနေပြီ " ဟု အော်ဟစ်လေ၏။

ကားစက်က ဂူးခနဲနိုးသွားပြီး ကျယ်လောင်သော စက်သံထွက်ပေါ်လာ၏။ ကားအနီးသို့ ရောက်ရှိလာသည့် တစ်ဖက်လပ်၏ လက်ကြီးတစ်ဖက်ကလည်း အောင်မွန်၏ လည်တိုင်ကို ဆုပ်ကိုင်မိ သွား၏။

အောင်မွန်သည် အသက်ရှူရပ်မတတ်ဝေဒနာကြောင့် မျက်လုံးပြူးကျယ်နေလေ၏။

သော်တာက

"အောင်မွန်၊ မောင်း… မောင်း ကားထွက်တော့" ဟု သတိပေးလိုက်ရာ အောင်မွန်သည် ဂီယာကို ထိုး၍ ကားကို စောစီးထွက်လိုက်တော့၏။

တစ်ဖက်လပ်သည် သရဲတစ္ဆေ တစ်ကောင်လို ကြောက်မက်ဖွယ် အမူအရာနှင့် ကားနံဘေးတွင် တန်းလန်းကြီးပါလာ၏။

အောင်မွန်၏ လည်တိုင်မှ လက်ကလည်း ပို၍ တင်းကျပ်လာ၏ အောင်မွန်သည် ကားကို သစ်ပင် ကြီးတစ်ပင်နှင့် ပွတ်တိုက်ကာမောင်း၏။

တစ်ဖက်လပ်သည် သစ်ပင်နှင့်ထိခိုက်မိသော်လည်း ခိုတွယ်၍ ပါလာဆဲသာရှိ၏။

ကားမှာ လည်း တဲနံဘေးတွင် ကွေ့ဝိုက်၍ မြွေလိမ်မြွေကောက်ဖြင့် သွားလာနေ၏။

အောင်မွန်သည် တစ်ဖက်လပ်၏ ချုပ်ကိုင်ထားမှုကြောင့် မျက်လုံးများ ပြာဝေနေပြီ ဖြစ်၏။

ထိုအခိုက် သော်တာက တစ်စုံတစ်ရာ ပြုလုပ် လိုက်လေရာ တစ်ဖက်လပ်သည် နာကျင်စွာ အော်ဟစ်ပြီး ကားထက်မှ လွင့်စင်သွားတော့၏ ။

အောင်မွန်က

"သော်တာ နင် ဘာလုပ်လိုက်တာလဲ" ဟု မေးမြန်းလေရာ သော်တာက လက်တွင်းမှ ပုလင်း တစ်လုံးကို မြှောက်ပြ၍

"သူ့မျက်နှာကို ရေမွှေးနဲ့ ရှူးခနဲ လှမ်းပက်လိုက်တာလေ၊ ဒဏ်ရာကို ထိသွားတယ်ထင်တယ် " ဟု အဖြေပေးလေ၏။

မကြာမီသူတို့ သည် မြေလမ်းသို့ ရောက်ရှိလာ၏။ ထိုမှ တစ်ဆင့် မရပ်မနားဘဲ တရကြမ်းမောင်း နှင်ကာ အဝေးပြေးလမ်းမသို့ ရောက်လာခဲ့၏။

ထိုအခါမှ အောင်မွန်က ကားကိုရပ်တန့်ပြီး

"သော်တာ... ငါတို့ တော့ လွတ် လာပြီ၊ ဘာဆက်လုပ်ကြမလဲ " ဟု ဆိုလိုက်ရာ သော်တာက နှုတ်ခမ်းကိုကိုက်ပြီး

"အခုနေ ငါ အိမ်ပြန်လို့ ဖြစ်နိုင်ပါတော့မလား၊ အစီအစဉ်တွေအား လုံး တလွဲတချော်တွေ ဖြစ် ကုန်ပြီ၊ င့ါအဖေရဲ့ ဒေါသကိုလည်း နင်သိပါ တယ်၊ အိမ်ကို ငါ ဘယ်လိုလုပ် မျက်နှာပြရပါတော့မလဲ"

ဟု ညည်းညူလေ၏။

အောင်မွန်က သက်ပြင်းချပြီး

"နင် ဘာကြောင့် င့ါကိုလက်ထပ်ဖို့ ငြင်းဆန်ခဲ့သလဲဆိုတာ ငါ နားမ လည်ဘူး၊ အခု ထပ်ပြော ပါရစေ၊ ဒီအခြေအနေရောက်မှ တော့ နင့်ကို ငါခိုးပြေးမယ်၊ နင်လက်ခံမယ် မဟုတ်လား" ဟု မေးမြန်း ပြန်လေ၏။ သော်တာသည် အတန်ကြာမျှငြိမ်သက်နေပြီးနောက်

"င့ါမှာ အိမ်ကသဘောတူတဲ့ လူကိုယူမှ ဖြစ်မဲ့ ပြဿနာတွေရှိတယ် အောင်မွန်၊ ဒါတွေကို နောက်မှ အေးအေးဆေးဆေး ရှင်းပြမယ်၊ လော လောဆယ်တော့ ဖြစ်လာသမျှကို ရင်ဆိုင်မယ်လို့ ဆုံးဖြတ်လိုက်ပြီ နင့် နောက်ကို ငါလိုက်ပါ့မယ် " ဟု အဖြေပေးလေတော့၏။

အောင်မွန်သည် ရွှီခနဲလေချွန်၍ ကားစက်ကို နှိုးလိုက်တော့၏။

တစ်ပြိုင်နက်ပင် ငှက်ပျောတောအတွင်း၌ သေသူသေ၊ ဒဏ်ရာရသူ ရဖြင့် လူကြမ်းကြီးသုံး ယောက်ကြောင့် မိမိတို့ ဒုက္ခရောက်ခဲ့သည့် လူကြမ်းကြီးသုံးယောက်ကို မြင်ယောင်မိ၏။

ထို့နောက် အောင်မွန်သည် ကားကို လာရာလမ်းနှင့် ဆန့်ကျင်ဘက် အရပ်သို့ ဦးတည်လိုက် တော့၏။

အောင်မွန်၏ အတွေးထဲ၌ မူ သော်တာကို မည်သည့်အရပ်သို့ ခေါ်ဆောင်သွားရမည်ကိုလည်း ကောင်း၊ သူတို့ ကို နောက်ယောင်ခံ၍ မလိုက်နိုင်စေရန် လမ်းခရီးရှိ မြို့တစ်မြို့တွင် ကားနံပါတ်ကို ပြောင်းလဲတပ်ဆင်ပြီး ကြိုတင်ကာကွယ်ရမည်ကိုလည်းကောင်း ကြံစည်စိတ်ကူးပြီး ဖြစ်၏။

***

ငှက်ပျောတောအတွင်းရှိ တဲကလေးသည် ပြိုပျက်လျက်ရှိပြီး ထိုနေရာတစ်ဝိုက်သည် လည်း အမှောင်ထုထဲတွင် တိတ်ဆိတ်ငြိမ်သက်နေလေ၏။

အဝေးဆီမှ သန်းခေါင်ကြက်တွန်သံသဲ့သဲ့ ထွက်ပေါ် လာပြီးနောက် လူတစ်ယောက်သည် လက်နှိပ်ဓာတ်မီးကို ခပ်အုပ်အုပ်ထိုး၍ ထိုနေရာသို့ ရောက်ရှိလာ၏။

ထိုသူသည် တဲရှေ့သို့ရောက်လျှင် တဲအနီးသို့တွင် ထင်မှတ်မထားသည် တို့ ကို တွေ့လိုက်ရသော ကြောင့် လှုပ်လှုပ်ရှားရှားဖြစ်သွား၏။

မီးပုံဘေးတွင် လူတစ်ယောက်လဲကျနေပြီး ၎င်းနှင့် မလှမ်းမကမ်းတွင် လည်း လူတစ်ယောက် သည် လူးလိမ့်ရင်း ညည်းညူနေလေ၏။

ထိုအခါ လက်နှိပ်ဓာတ်မီးနှင့်လူက လဲကျနေသူကို စစ်ဆေးကြည့်ပြီး

တစ်ဖက်လပ်သည် ထိုသူ၏ အသံကို ကောင်းစွာ မှတ်မိသွားဟန်ဖြင့်

"စိန်လျှောင်၊ ခင်ဗျားရောက် လာပြီကိုး၊ ကျုပ်တို့ ကိစ္စ အောင်မြင်ခဲ့ပေမဲ့ အခုတော့ အစီအစဉ်တွေ အားလုံးပျက်ကုန်ပြီ" ဟု ပြောလေ၏။

စိန်လျှောင်ဟူသောလူက မျက်မှောင်ကြုတ်ကာ

"မင်းတို့ သုံးယောက်ထဲက မျက်နှာမှာ အမာရွတ်နှင့် ဓါးသိန်း ပျော က်နေတယ်၊ သူက ပစ္စည်း ကို အလစ်သုတ်သွားတာလား" ဟု မေးမြန်း လေ၏။ တစ်ဖက်လပ်က

"မဟုတ်ပါဘူး၊ သူလည်း ငှက်ပျောတောထဲမှာ အသက်ပျောက်နေပြီ၊ သူ့ကို ကျုပ်က ဆံရှည်နဲ့ ပေါင်းပြီး ဝေစုခွဲမပေးချင်တာနဲ့ နှုတ်ပိတ်ခဲ့ တာပါ၊ ဒါပေမဲ့ ပစ္စည်းက သူ့လက်ထဲမှာ မရှိတော့ဘူး၊ ဒ့ါကြောင့် ကျုပ် က ဆံရှည်ကို စွပ်စွဲပြီး ဆံရှည်ကလည်း ကျုပ်ကို သက်ာမကင်းဖြစ် တော့ နှစ်ယောက် သားအပြန်အလှန် တိုက်ခိုက်ကြတာ အခုလို ဖြစ်ကုန် တာပဲ၊ ကျုပ်သေသေချာချာ စဉ်းစားကြည့်မိတော့ ပစ္စည်းကို ဓါးသိန်း ကလည်း ဆံရှည်လက်ထဲ အပ်ခဲ့ပုံမရဘူး၊ ဒါပေမဲ့ ပစ္စည်းကတော့ လက် စပျောက် သွားတာ အမှန်ပဲ" ဟု ပြောလေ၏။ စိန်လျှောင်က သက်ပြင်း ချပြီး စိတ်ရှုပ်ထွေးဟန်ဖြင့်

"ငါက မင်းတို့ နဲ့ လောပန်ကြီးရဲ့ ကြားထဲက ဆက်သွယ်ပေးရတဲ့ ပွဲ စားပဲ၊ င့ါမှာ ပစ္စည်းရရင် မင်းတို့ ကိုပေးဖို့ ငွေတွေအဆင်သင့်ပါတယ်၊ အခုလို ပစ္စည်းပျောက်သွားတယ်ဆိုတာကို ငါက လောပန် ကြီးဆီကို သ တင်းပို့လည်း ယုံကြည်မှာ မဟုတ်ပါဘူး၊ င့ါကိုတောင် ကြားကဖြတ်အုပ် တယ်ဆိုပြီး အမှု ပတ်လာလိမ့်မယ်၊ တစ်ဖက်လပ် မင်းသေသေချာချာ စ ဉ်းစားစမ်း၊ ပစ္စည်းကို ထိန်းသိမ်းထားရတဲ့ ဓား သိန်း မင်းတို့ လာတဲ့ လမ်းတစ်လျှောက်မှာ ထူးထူးခြားခြား ဘာတွေလုပ်ခဲ့သလဲ၊ ကြားလူ တ စ်ယောက် နဲ့ ဆက်သွယ်ပြီး ပစ္စည်းကို လက်ပြောင်းလက်လွှဲ လုပ်ခဲ့နိုင် သလား" ဟု မေးမြန်းပြန်ရာ တစ်ဖက်လပ် သည် အတန်ကြာမျှ ငြိမ်သ က်သွားပြီးနောက်

"ကျုပ်တို့ ခင်ဗျားနဲ့ ချိန်းဆိုထားတဲ့ အတိုင်း ဒီငှက်ပျော်တောကိုအလာမှာ ကားတစ်စီးကို ချောဆွဲ လာတယ်ဗျ" ဟု အစချီကာ အောင်မွန်နှင့်သော်တာတို့ ပြန်၍ လွတ်မြောက်သွားပုံအထိ ပြောဆိုလေ၏။

ပြီးမှ တစ်ဖက်လပ်က ဆက်၍

"ဒီကိုလာစဉ်က လမ်းမှာ ခါးသိန်းက ကားရဲ့ ထိုင်ခုံကူရှင်ကြီးကို လှန်ပြီး တစ်ခုခုလုပ်နေတာ ကို ကျုပ်ကမြင်ပြီး မေးမြန်းတော့ ကူရှင်ထဲက သံချောင်းထောင်ပြီး သူ့ကိုစူးလို့ လုပ်နေတာလို့ အဖြေ ပေးတယ်ဗျ၊ ကျုပ်အထင်တော့ အဲဒီကတည်းက ခါးသိန်းဟာ ပစ္စည်းထည့်ထားတဲ့ ကတ္တီပါဘူး ကလေးကို ကူရှင်အောက်မှာ ဝှက်လိုက်ပုံရတယ်၊ ခါးသိန်းဟာ အရင်ကတည်းက ကျုပ်တို့ နှစ်ယောက် ကို ယုံကြည်ပုံမရဘူးဗျ၊ သူ့အတွက် တစ်ကွက်ချန်ပြီးပစ္စည်းကို ဝှက်လိုက်တာဖြစ်မယ်လို့ ကျုပ်တွေး မိတယ်" ဟု ဆိုလေရာ စိန်လျောင်၏ မျက်လုံးက တဖျတ်ဖျတ်တောက်ပ လာပြီး

"ဟုတ်ပြီ ဒါဆိုရင် မင်းသိသလောက်ပြောစမ်း" ဟု စကားထောက်လေ၏။ တစ်ဖက်လပ်က

"အဲဒီကားနံပါတ်ကို ကျုပ်မှတ်မိတယ်ဗျ၊ အာရ်/ တစ်ငါးခြောက်ပဲ၊ ကားပိုင်ရှင်ကောင်လေး အမည်က အောင်မွန်လို့ ခေါ်ပြီး ကောလိပ်ကျောင်းသားတစ်ယောက်ပဲ မိန်းကလေးက သော်တာလို့ ခေါ်တယ်" ဟု အဖြေပေးလေ၏။

ထိုအခါ စိန်လျောင်သည် တစ်ဖက်လပ်ကို ပြုံးပြုံးကြီးစိုက်ကြည့်နေလေ၏။ တစ်ဖက်လပ်က စိန်လျောင်၏ လက်ကို စမ်းသပ်ကိုင်တွယ်ပြီး အားကိုးတကြီးဟန်ဖြင့်

"ကျုပ်ကို ပစ်မထားခဲ့ပါနဲ့ ဗျာ" ဟု တောင်းပန်လေ၏။ စိန်လျောင်

က ခေါင်းကို ဖြည်းလေးစွာ ယမ်းခါ၍

"စိတ်တော့မကောင်းပါဘူးကွာ၊ ဒီလိုအဖိုးတန်ပစ္စည်းကြီးကို မင်းတို့ သုံးယောက်အသက်နဲ့ ရင်း ပြီး ယူလာခဲ့ကြတာ မဟုတ်လား၊ မင်းရဲ့ အဖော်နှစ်ယောက်ကတော့ ဒီကိစ္စနဲ့ ဘဝတစ်ပါး ပြောင်းသွား ကြပြီ၊ မင်း အနေနဲ့ လည်း ရထားတဲ့ ဒဏ်ရာနဲ့ မကြာခင် သူတို့ နောက်ကို ထက်ကြပ်မကွာ လိုက်သွားရ တော့မယ် မဟုတ်လား၊ ဟား ဟား... ဒီအတိုင်းပဲ ကောင်းပါတယ်ကွာ" ဟု ပြောကာ ထိုင်ရာမှ ထလေ၏။

တစ်ဖက်လပ်က စိန်လျှောင်၏ လက်ကို တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်ထားဆဲသာရှိ၏။

ထိုအခါ စိန်လျှောင်က တစ်ဖက်လပ်၏ ရင်ဝကို ဒူးဖြင့်တိုက်၍ ထိုနေရာမှ ချာခနဲ လှည့်ထွက် သွားတော့၏။

တစ်ဖက်လပ်သည် နေရာတွင် ပင်ပြန်၍ လဲပြိုသွား၏။ သို့သော် သူသည် အသက်ပြင်းလှ၏။ မျက်လုံးမှ ဒဏ်ရာကို အဝတ်တစ်စဖြင့် စည်းနှောင်လိုက်ပြီး သွေးရူးသွေးတန်းဖြင့် ဒယီးဒယိုင် ထ၍ ရပ်လေ၏။

ထို့နောက် တောင် မြောက် အရပ်မျက်နှာ ခွဲခြားနိုင်ခြင်းမရှိဘဲ အလဲလဲအပြိုပြိုဖြင့် သွားလာရင်း ကံကောင်းထောက်မစွာဖြင့် ငှက်ပျောတော၏ အပြင်ဘက်တစ်နေရာသို့ ရောက်ရှိလာ၏။

ထိုမှ နေ၍ သူသည် လယ်ကွင်း ရိုးဖြတ်များ တွင် ဖောက်လုပ်ထားသည့် ဖုန်ထူထူနှင့်လှည်းလမ်း ကြောင်းတစ်ခုပေါ်သို့ ခြေချမိ၏။

ထိုအခါ ၎င်းသည် လှည်းလမ်းအတိုင်းသွားလာရင်း တစ်နေရာသို့အရောက်တွင် လုံးဝမဟန်နိုင် တော့ဘဲ မြေပေါ်သို့ လဲကျသတိလစ်သွားတော့၏။

သူနောက်ဆုံးမှတ်မိ သိရှိလိုက်သည် က အဝေးဆီမှ ခြူသံတလွင်လွင်နှင့် လှည်းတစ်စီး မောင်းနှင်လာသံပင် ဖြစ်၏။

***